# မာတိကာ


စာရေးသူ၏ အမှာစကား

- လုပ်ငန်းတာဝန်ဝတ္တရားသတ်မှတ်ချက် (Job Description) ဆိုတာဘာလဲ ၁
- Retail Management Manager ၉
- Assistant Retail Management Manager ၂၃
- Shop Manager (or) Store Manager ၃၃
- Shop Sales Supervisor (or) Store Sales Supervisor ၅၃
- Shop Accountant (or) Store Accountant ၆၅
- Storekeeper ၇၅
- Cashier ၈၅
- Sales Promoter ၉၃


# စာရေးသူ၏ အမှာစကား

မင်္ဂလာပါ . . .

Job Description ကို မြန်မာလို "လုပ်ငန်းတာဝန်ဝတ္တရား သတ်မှတ်ချက်" လို့ ဘာသာပြန်ပါရစေ။ လုပ်ငန်းခွင်အတွင်းမှာ လုပ်ငန်းတာဝန်ဝတ္တရားသတ်မှတ်ချက်က အရေးကြီးပါတယ်။

ရာထူးတာဝန်အလိုက် လုပ်ငန်းတာဝန်ဝတ္တရားသတ်မှတ်ချက်တွေရှိသင့်ပါတယ်။ "လုပ်ငန်းတာဝန်ဝတ္တရားသတ်မှတ်ချက်" ဆိုတာက ရာထူးအလိုက် ဘယ်အလုပ်တွေလုပ်ရမယ်၊ ဘယ်ကိစ္စရပ်တွေကို တာဝန်ခံရမယ်ဆိုတာကို ရေးထားခြင်းဖြစ်ပါတယ်။ ရာထူးအလိုက် လုပ်ရမယ့်အလုပ်တွေ မတူသလို တာဝန်ယူလုပ်ကိုင်ရမယ့်ကိစ္စတွေလည်း မတူညီတတ်ပါဘူး။

လုပ်ငန်းမတူရင် လုပ်ငန်းတာဝန်ဝတ္တရားသတ်မှတ်ချက်လည်း မတူတတ်ပါဘူး။ ဥပမာ- လက်လီရောင်းချတဲ့ဆိုင်တစ်ဆိုင်ရဲ့ အရောင်းဆိုင်တာဝန်ခံတစ်ဦးနဲ့ လက်ကားရောင်းချတဲ့အရောင်းတာဝန်ခံတစ်ဦး ရာထူးခေါင်းစဉ်တူနေပေမဲ့ လုပ်ရတဲ့အလုပ်မတူတာတွေရှိပါတယ်။ တာဝန်ခံရတာတွေလည်းမတူတာရှိပါတယ်။

အရောင်းနယ်ပယ်မတူရင်လည်း လုပ်ရမယ့်အလုပ်တွေ၊ တာဝန်ခံရတာ၊ တာဝန်ယူရတာတွေလည်းမတူညီကြပါဘူး။ ဥပမာ- လက်လီအရောင်းဆိုင်တာဝန်ခံတစ်ဦးချင်းအတူတူ မိုဘိုင်းဖုန်းဆိုင် အရောင်းတာဝန်ခံနဲ့ ကားအရောင်းပြခန်း အရောင်းတာဝန်ခံရဲ့အလုပ်တွေ တာဝန်ခံရတာတွေမတူညီတတ်ကြပါဘူး။ ဒါ့ပြင် လုပ်ငန်းစီမံသူတွေရဲ့စဉ်းစားပုံမတူရင်လည်း လုပ်ကိုင်ရတဲ့အလုပ်တွေ၊ တာဝန်ခံရတာတွေလည်းမတူတာရှိတတ်ပါတယ်။ ဥပမာဆိုရရင် အီလက်ထရွန်နစ်လက်လီအရောင်းဆိုင် တာဝန်ခံရာထူးတူပေမဲ့လည်း စီမံသူတို့ရဲ့ရာထူးအပေါ် သတ်မှတ်ချက်မတူတဲ့အခါမှာ လုပ်ရမယ့်အလုပ်နဲ့ တာဝန်ခံရတာတွေလည်း မတူညီတာတွေ့ရပါတယ်။

တချို့အရောင်းဆိုင်တာဝန်ခံမှာ ဆိုင်တစ်ဆိုင်ရဲ့ အရောင်း၊ စာရင်း၊ အသုံးစရိတ်၊ ငွေကြေး၊ ကုန်ပစ္စည်းအဝယ်၊ ကုန်ပစ္စည်းလက်ကျန်၊ ဝန်ထမ်းရေးရာ စတဲ့ကိစ္စအဝဝကိုတာဝန်ယူရတာရှိပြီး တချို့သော အရောင်းဆိုင်တာဝန်ခံကတော့ အရောင်းကလွဲပြီး အခြားကိစ္စတွေ တာဝန်ယူစရာမလိုတာရှိပါတယ်။ ဆိုင်သေးတာ၊ ဆိုင်ကြီးတာနဲ့လည်း ဆိုင်ပါမယ်။ ရာထူးတူ၊ လုပ်ငန်းတူပြီး တာဝန်တွေမတူတာတွေလည်း ရှိနိုင်ပါတယ်။ ကျွန်တော်ရေးတဲ့စာအုပ်က လူကြီးမင်းတို့ရဲ့လုပ်ငန်းအတွက် အခြေခံစဉ်းစားစရာဖြစ်ပြီး ထပ်မံပြင်ဆင်ပြီး အသုံးပြုဖို့ လိုအပ်မယ်လို့ ထင်မြင်မိပါတယ်။

ယခုစာအုပ်ကိုလိုအပ်သလို ဖြည့်စွက်ပေးတဲ့ ဦးချမ်းမြေ့ဝင်း (ရွှေနဂါး - ညောင်ရွှေမြို့)၊ ဒီစာအုပ်ဖြစ်မြောက်ရေးအတွက် အစအဆုံး ကူညီပေးတဲ့ ဇာတိမြေစာပေတို့ကို အထူးကျေးဇူးတင်ရှိပါတယ်။

(ဘယ်လိုပဲဖြစ်ဖြစ် ဒီစာအုပ်ကလူကြီးမင်းတို့လုပ်ငန်းမှာ အသုံးတည့်မယ်ဆိုရင် ဝမ်းသာမိမှာအမှန်ဖြစ်ပါတယ်။)

**ကိုအောင်စည်လင်း @ ကိုစည်**